# ကျောင်းစည်းကမ်းချက်များ

## ၁။ ကျင့်ဝတ်ဆိုင်ရာစည်းကမ်းချက်များ

- ကျောင်းပိုင်းအရေးကြီးစာရွက်စာတမ်းများကို ခိုးယူခြင်း၊ Manipulate ပြုလုပ်ခြင်းမပြုရပါ။ တွေ့ရှိပါက ကျောင်းမှ အပြီးထုတ်ပယ်ခြင်းခံရမည်။

- ကျောင်းပိုင်ပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖျက်ဆီးကြောင်းတွေ့ရှိပါက ၎င်း ပစ္စည်းတန်ဖိုး (၂) ဆ ပေးလျော် ရမည့်အပြင် ပြင်းထန်စွာသတိပေးခြင်းခံရမည်။

- Social Network (Facebook, Myday, Twitter etc., ) အပါအဝင် မည်သည့်နေရာတွင်ဖြစ်စေ ကျောင်း၏ ဂုဏ်သတင်း ထိခိုက်ညှိုးနွမ်းစေမည့် အရေအသားများဖြန့်ဝေခြင်း၊ ပြောဆိုခြင်းများ၊ Troll များပြုလုပ်ခြင်းများ မပြုလုပ်ရ၊ ပြုလုပ်ပါက ပထမအကြိမ် ခေါ်ယူသတိပေးခြင်း၊ ဒုတိယအကြိမ် မိဘခေါ် ယူ၍ ကျောင်းအုပ်နှင့် တွေ့ဆုံခြင်း၊ တတိယအကြိမ် ကျောင်းမှ အပြီးတိုင်ထုတ်ပယ်ခြင်းခံရမည်။

- ကျောင်းသားများသည် နိုင်ငံရေးသော်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့် သော်လည်းကောင်း၊ ငြိစွန်းအပြု အမူများကို တိုက်ရိုက် သော်လည်းကောင်း သယ်ဝိုက်၍သော်လည်းကောင်း မပြုလုပ်ရ။

- ကျောင်းသား၊သူများသည် မည်သည့်ရာဇဝတ်မှုမျိုးကိုမျှ ကျူးလွန်ခြင်းမရှိရ၊ ကျူးလွန်ခဲ့သည်ရှိသော် ကျောင်းမှ ထုတ်ပယ်ခြင်းခံရမည်။

- YOUTH International University မှအခါအားလျော်စွာ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

## ၂။ စာသင်ခန်းအတွင်းအပြုအမူနှင့် သက်ဆိုင်သောစည်းကမ်းချက်များ

- စာသင်နေစဉ်အတွင်း အာရုံပျက်ပြားစေသော ဖုန်းအသံမြည်ခြင်း၊ ဖုန်းပြောခြင်း၊ Text Message ပို့ခြင်း၊ Social Media အသုံးပြုခြင်း၊ ဂိမ်းဆော့ခြင်း၊ အချင်းချင်းစကားပြောဆိုခြင်း၊ အခြားသူများကို စကားပြောဆိုခြင်း မပြုလုပ်ရ။

- စာသင်ခန်းအတွင်းသို့ ကျောင်းသား၊သူများမှ အပ အခြားမည်သူတဦးတယောက်ကိုမျှ ခေါ်ဆောင်လာခြင်း မပြုရ။

## ၃။ စာရိတ္တပိုင်းဆိုင်ရာနှင့် သက်ဆိုင်သည့်စည်းကမ်းချက်များ

- ကျောင်းပရဝုဏ်အတွင်း ဆေးလိပ်သောက်ခြင်းမပြုရ။
- ကျောင်းသားသူများသည် အရက်သေစာ၊ မူးယစ်ဆေးဝါးများ ယူဆောင်လာခြင်း၊ သုံးစွဲခြင်းလုံးဝ ခွင့်မပြုပါ။
- ကျောင်းသားသူများသည် လောင်းကစား (သို့) ၎င်းနှင့်တူသော ကစားနည်းများကို ခွင့်မပြုပါ
- ဆရာ၊ဆရာမများနှင့်ဖြစ်စေ၊ အခြားကျောင်းသား၊သူများနှင့်ဖြစ်စေ ခိုက်ရန်ဖြစ်ပွားခြင်း၊ အသားအရောင်၊ ဘာသာ ခွဲခြားဆက်ဆံခြင်းမပြုလုပ်ရ။
- ကျောင်းသားကျောင်းသူအချင်းချင်း ကာယအိန္ဒြေပျက်ပြားအောင်နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ၊ Electronic Communication ဖြင့်ဖြစ်စေ (ဥပမာ Facebook, Twitter, Instagram) အခြားနည်းလမ်း တမျိုးမျိုးဖြင့် ဖြစ်စေ မပြုလုပ်ရ။
- အထက်အကြောင်းအရာများကို ပြုလုပ်ပါက ပထမအကြိမ်ခေါ်ယူ သတိပေးခြင်း၊ ဒုတိယအကြိမ် မိဘခေါ်ယူ၍ ကျောင်းအုပ်နှင့်တွေ့ဆုံခြင်း၊ တတိယအကြိမ် ကျောင်းမှ အပြီးတိုင်ထုတ်ပယ်ခြင်းခံရမည်။

## ၄။ Assignment နှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ

- Assignment ပြုလုပ်ရာတွင် အခြားသူ၏ Assignment များကို တိုက်ရိုက်၍သော်၄င်း၊ သွက်ဝိုက်၍ သော်၄င်း၊ ကူးယူခြင်းမပြုလုပ်ရ၊ ပြုလုပ်ပါက ၎င်းဘာသာရပ်ကို Refer (အကျ) အဖြစ်သတ်မှတ်မည် ဖြစ်သည်။
- Assignment ကျပါက ငွေကျပ် (၃) သိန်းပြန်လည်ပေးသွင်းပြီးမှသာ Assignment ပြန်လည်ပြုလုပ်ခွင့် ရှိမည်။
- Assignment ကိုသတ်မှတ်ထားသည့် Dead Line ကျော်သွားပါ Resit အဖြစ်သတ်မှတ်ပြီး ငွေကျပ် ၃ သောင်း ပြန်လည်ပေးသွင်း၍ နောက် (၅) ရက်အတွင်းအပြီးသတ် Assignment ပြန်လည် တင်ပြရမည်။ ဆက်လက်၍ မတင်သွင်းနိုင်ပါက နောက် Semester မှသာ လက်ခံနိုင်မည်။
- Semester (၁)ခု တွင် ဘာသာရပ် (၂)ခု၊ (၂)ခုနှင့်အထက် (Refer) ဖြစ်ပါက Semester တခုစာငွေကျပ် (၁၅) သိန်း ပြန်လည်ပေးသွင်း၍ အစမှပြန်လည်တက်ရောက်ရမည်။
- အကယ်၍ ဆက်လက်ပျက်ကွက်ပါက ကျောင်းမှသတ်မှတ်ထားသည့် စည်းကမ်းအရယခုအတန်းမှ နောက်ကျသော အတန်းများသို့ပြောင်းရွှေ့တက်ရောက်ရမည်ဖြစ်ကြောင်း YIC ၏ Board of Management (BOD) အဖွဲ့မှ ဆုံးဖြတ်ပြီး အလားတူကိစ္စရပ်များ ဖြစ်ပေါ်လာပါက အခြားအတန်းများသို့ ပြောင်းရွှေ့တက်ရောက်ခြင်း ခွင့်ပြုမည်မဟုတ်ပါ။

- ပြန်လည်တက်ရောက်လိုပါက ကျောင်းလခနှင့် မှတ်ပုံတင်ကြေး (New Registration Fees) စသည်များကို အစမှပြန်လည်ပေးသွင်းမှသာ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

## ၅။ ကျောင်းသားကဒ်နှင့် သက်ဆိုင်သည့်စည်းကမ်းချက်များ

- ကျောင်းထွက်လျှင်သော်လည်းကောင်း(သို့) အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်ဖြစ်ခဲ့လျှင်သော်လည်းကောင်း မိမိ၏ကျောင်းသားကဒ်ကို ကျောင်းသားရေးရာသို့ ပြန်လည် အပ်နှံခဲ့ရမည်။

## ၆။ အစားအသောက်နှင့် သက်ဆိုင်သည့်စည်းကမ်းချက်များ

- ကျောင်းသား၊သူများသည် မည့်သည့်အစားအသောက်များကိုမဆို စာသင်ခန်းများအတွင်း စားသောက်ခြင်း မပြုရ။ သတ်မှတ်ထားသော Canteen အတွင်းသာ စားသောက်ခြင်းပြုရမည်။
- အနံ့ပြင်းထန်သော အသီးအနှံ၊ အစားအသောက်များကို ယူဆောင်စားသောက်ခြင်းမပြုရ။
- စားကြွင်းစားကျန်နှင့် အမှိုက်များကိုသတ်မှတ်ထားသော နေရာများတွင် စနစ်တကျစွန့်ပစ်ရမည်။